တရားမဆိုင်ရာ(စီရင်ချက်ပုံစံ) ၁၇။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၈ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၄

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၀၅ တွင် ချမှတ်သော ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်စွဲပါ ဒီကရီအပေါ်တင်သွင်းသော အယူခံမှု။

| | | |
|---|---|---|
| ဦးကျော်လှိုင် (၎င်း၏အခွင့်ရ ကိုယ်စားလှယ် စာရသူ ဦးဇော်ဇော်ဝင်း) | နှင့် | KNORR NAEHRMITTEL AKTIENGESELL SCHAFT (၎င်း၏ကိုယ်စားလှယ်စာရသူ ဒေါ်ခင်ဆွေဝင်း) |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

အယူခံတရားလိုအတွက် - ဦးအေးမောင်၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဒေါ်ရီရီတင်၊ တရားလွှတ်တော်ရှေ့နေ

### စီရင်ချက်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ရက်

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၂ တွင် KNOOR NAEHRMITTEL AKTIENGESELL က ဦးကျော်လှိုင်အပေါ် ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၁၀၈၅၅/၂၀၁၁ ဖြင့် မှတ်ပုံတင် တင်သွင်းထားသည့် KLWAR ကုန်အမှတ်တံဆိပ် ပယ်ဖျက်ပေးစေလိုမှု၊ ယင်းတံဆိပ်အမှတ်အသားဖြင့် မြန်မာပြည်တွင် ဖြန့်ဖြူးရောင်းချနေသော အသင့်စားသုံးနိုင်သော ဟင်းခတ်အမွှေးအကြိုင်အမှုန့်အမျိုးမျိုး၊ ချက်ပြုတ်ကြော်လှော်ရာတွင် အသုံးပြုသော ဟင်းခတ်အမွှေးအကြိုင်အမှုန့်အမျိုးမျိုးကို ရောင်းချခြင်း မပြုရန် ထာဝရတားမြစ်ထုတ်ပေးစေရန်နှင့် တရားလို၏ နစ်နာဆုံးရှုံးသည့် တန်ဖိုးငွေကျပ်သိန်း ၃၀၀၀ ကို နစ်နာကြေးအဖြစ် ပေးလျော်စေမှုစွဲဆိုရာ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၁၀၈၅၅/၂၀၁၁ ဖြင့် တရားပြိုင်မှတ်ပုံတင်ထားသော KLWAR ကုန်အမှတ်တံဆိပ်ကို ပယ်ဖျက် လိုက်သည်။ တရားလိုတွင် နစ်နာဆုံးရှုံးမှုရှိသဖြင့် နစ်နာကြေးငွေသိန်း ၃၀၀၀ ကို တရားပြိုင်က တရားလိုသို့ ပေးအပ်စေရန် ဒီကရီချမှတ်သည်။ ယင်းဒီကရီကို ဦးကျော်လှိုင်က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၆ ခုနှစ်၊ တရားမပထမ အယူခံမှု

အမှတ် ၂၀၅ ဖြင့် တင်သွင်းလျှောက်ထားရာ နစ်နာကြေးငွေ သိန်း ၃၀၀၀ ပေးစေသည့်အမိန့်ကို ပျယ်ဖျက်ပြီး တရားလို တောင်းဆိုသော ထာဝရတားမြစ်မိန့် ထုတ်ပေးရန် မသင့်ကြောင်း ဆုံးဖြတ်ချက်နှင့် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၁၀၈၅၅/၂၀၁၁ ဖြင့် တရားပြိုင်မှတ်ပုံတင်ထားသော KlWAR ကုန်အမှတ်တံဆိပ်ကိုပယ်ဖျက်ကြောင်း ဒီကရီချမှတ်ခဲ့သဖြင့် ဤအယူခံမှု တင်သွင်းခြင်း ဖြစ်သည်။

အဆိုလွှာတွင် တရားလိုက ဆွစ်ဇလန်နိုင်ငံမှ KNORR ဟူသော အမှတ်တံဆိပ်ဖြင့် ဟင်းခတ်အမွှေးအကြိုင်၊ ကြက်သားမှုန့်အရသာမှုန့်အမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြောင်း၊ မြန်မာနိုင်ငံတွင် ဖြန့်ဖြူးရောင်းချနိုင်ရန် ၁၇-၉-၂၀၀၄ ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် ၅၅၄၆/၂၀၁၀ ဖြင့်လည်းကောင်း၊ စာချုပ်မှတ်ပုံတင်အမှတ် ၅၄၀၉/၂၀၁၀ နှင့် ၅၄၁၀/၂၀၁၀ ဖြင့်လည်းကောင်း၊ မှတ်ပုံတင်ပြီးတင်သွင်းဖြန့်ဖြူးကြောင်း ယိုးဒယားနိုင်ငံတွင် လုပ်ငန်းခွဲထားပြီး ယိုးဒယားစာ၊ မြန်မာစာတို့ဖြင့် ထုတ်ပိုးရောင်းချကြောင်း၊ KLWAR ဟူသော ကုန်အမှတ်တံဆိပ်ဖြင့် တစ်ဦးတည်းမူပိုင်သုံးစွဲရန် ၂၅-၁၀-၂၀၁၁ ရက်နေ့တွင် မှတ်ပုံတင်အမှတ် ၄/၁၀၈၅၅ ဖြင့် မှတ်ပုံတင်ပြီးဖြစ်ကြောင်း ကြေညာခြင်းဟူသော ကြော်ငြာစာဖြင့် တရားပြိုင်က ၉-၁၂-၂၀၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာ၍ တရားလို၏ KNORR ကုန်အမှတ်တံဆိပ်နှင့်ထင်ယောင်ထင်မှားဖြစ်စေရန် KLWAR ဟူသော ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်ပိုးမှုပုံစံတုပပြုလုပ်ဖြန့်ချီရောင်းချနေခြင်းကို ဆက်လက်ရောင်းချခြင်း မပြုလုပ်နိုင်ရန် ထာဝရ တားမြစ်သည့် အမိန့်ရလိုကြောင်းနှင့် တရားလို၏ နစ်နာဆုံးရှုံးမှုအတွက် ငွေကြေးသိန်း ၃၀၀၀ ပေးလျော်စေရန် အဆိုပြုသည်။

ချေလွှာတွင် တရားပြိုင်က KLWAR ဟူသော ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားသောကြက်သားမှုန့်၊ အရသာမှုန့်အမျိုးမျိုးတို့မှာ ထိုင်းနိုင်ငံမှ တင်သွင်းပြီး မြန်မာပြည်အနှံ့ ရောင်းချနေကြောင်း၊ တရားပြိုင်က KLWAR ဟူသော ကုန်အမှတ်တံဆိပ်ကို ၂၅-၁၀-၂၀၁၁ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၁၀၈၅၅/၂၀၁၁ ဖြင့်မှတ်ပုံတင်ခဲ့ပြီး မြန်မာပြည်အတွင်းရှိ စတိုးဆိုင်များ၊ ကုန်တိုက်များ၊ ဈေးကြီးများတွင် လက်လီလက်ကားဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း၊ တရားပြိုင်က တရားလို၏ ကုန်အမှတ်တံဆိပ်ကို ထင်ယောင်ထင်မှား တုပ ရောင်းချခြင်းမရှိ၍ ထာဝရတားမြစ်မိန့်ထုတ်ပေးရန် မလိုကြောင်း၊ နစ်နာကြေးလည်းပေးရန် တာဝန်မရှိကြောင်း အဆိုလွှာကို ပလပ်သင့်ကြောင်း ချေပသည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက အမှုစစ်ဆေး ပေါ်ပေါက်ချက်အရ KNORR ကြက်သားမှုန့်ထုတ် **(သက်သေခံ-ဥ)** နှင့် KLWAR ကြက်သားမှုန့်ထုတ် **(သက်သေခံ-ဃ)** တို့မှာ အင်္ဂလိပ်အသံထွက်ချင်း၊ စာလုံးပေါင်းခြင်းတူညီမှုမရှိကြောင်း၊ ထုတ်ပိုးမှုပုံသဏ္ဍာန်မတူညီကွဲပြားနေသည်မှာအထင်အရှားပေါ်ပေါက်နေပါလျက် မူလရုံးနှင့်အယူခံရုံးတို့က တစ်စုံတစ်ရာ သုံးသပ်မှုမရှိကြောင်း၊ KNORR ကြက်သားမှုန့်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၅၄၁၀/၂၀၁၀ ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီး၊ KLWAR ကြက်သားမှုန့်ကိုလည်း၊ မှတ်ပုံတင်အမှတ် ၁၀၈၅၅/၂၀၁၁ ဖြင့် တရားဝင်မှတ်ပုံတင် ရောင်းချခဲ့ခြင်းဖြစ်သောကြောင့် မှတ်ပုံတင်ရုံးက ပုံသဏ္ဍာန်တူညီခြင်းမရှိ၍ မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို မူလခရိုင်တရားရုံးနှင့်တိုင်း

ဒေသကြီးတရားလွှတ်တော်တို့က ထည့်သွင်းသုံးသပ်မှု မပြုခြင်းသည် မှားယွင်းပါကြောင်း၊ ငြင်းချက် အမှတ်(၁) ကို အယူခံတရားလိုအား အသားပေးဖြေဆိုပေးရန် လျှောက်ထားတင်ပြသည်။

အယူခံတရားပြိုင်၏တရားလွှတ်တော်ရှေ့နေက အယူခံတရားလိုက KNORR နှင့် KLWAR ကြက်သားမှုန့်တို့တွင် ကြက်ဖပုံသဏ္ဍာန်ဟင်းခွက်ပုံစံ၊ ဟင်းခတ်ဇွန်းပုံစံ၊ အစိမ်းဖြတ်မျဉ်းပုံစံတူညီခြင်းမရှိကြောင်း ငြင်းဆိုနေသော်လည်း **သက်သေခံ(၃)** နှင့် **သက်သေခံ(ဃ)** တို့အရ ထုတ်ပိုးမှုနှင့် ပုံသဏ္ဍာန်ဆင်တူယိုးမှားဖြစ်လောက်အောင် တူညီလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ သာမန်လူများ၊ အင်္ဂလိပ်စာ တတ်ကျွမ်းသူ အိမ်ရှင်မများအနေဖြင့် မှားယွင်းနိုင်ကြောင်းသိသာထင်ရှားလျက်ရှိသဖြင့် အတုပြုလုပ်သည်ဆိုရာတွင် အရာဝတ္ထု၏ပုံသဏ္ဍာန်ထပ်တူရန် မလိုဆင်တူယိုးမှားဖြစ်လျှင်လုံလောက်ကြောင်း၊ **ဂေါ်ရှမ်းဆွတ် နှင့် အီးစီမဒါးဘရားသားစ်** [၁] **စီရင်ထုံး**တွင် ထုံးဖွဲ့ထားကြောင်း၊ **ဦးတင်လတ်(ခ) ဦးစိုင်းလတ် ပါ ၂ နှင့် ဦးကျော်ငြိမ်း အမှု** [၂] တွင် တောင်ကြီးမောက်မယ်သနပ်ခါးနှင့် ရှမ်းမောက်မယ်သနပ်ခါး အမှုတွင် အလားတူကုန်ပစ္စည်း ထုတ်လုပ်မှုကြောင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ရသူပထမလူတွင် ကုစား၍မရလောက်အောင် နစ်နာဆုံးရှုံးမှုဖြစ်ရန်အကြောင်းရှိသည်ဟု ထုံးဖွဲ့ထားကြောင်း၊ KNORR နှင့် KLWAR ကုန်အမှတ်တံဆိပ်ကို တူညီစွာ တုပထုတ်လုပ်ထားသည်ဟု မူလခရိုင်တရားရုံး၏ သုံးသပ်ချက်ကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ဆက်လက်အတည်ပြုခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ဒီကရီကို ဆက်လက်အတည်ပြုပေးရန် လျှောက်ထားတင်ပြသည်။

အမှုကို စိစစ်ကြည့်ရာတွင် တရားလို၏ KNORR ကုန်အမှတ်တံဆိပ်ဖြင့် ဆွစ်ဇလန်နိုင်ငံရှိ ကုမ္ပဏီက လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် တကမ္ဘာလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ၁၇-၉-၂၀၁၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၅၅၄၆/၂၀၀၄ **သက်သေခံ- င** ဖြင့်လည်းကောင်း၊ ကုန်အမှတ်တံဆိပ်ကို ပြုလုပ်၍ KNORR အမည်အမှတ်အသားဖြင့် အသင့်စားသုံးနိုင်သော အစားအစာများ၊ ကြက်သားမှုန့်များကို မြန်မာနိုင်ငံတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ **သက်သေခံ-စ၊ ဆ၊ ဇ၊ ည** တို့ဖြင့် သတင်းစာများတွင် ကြော်ငြာခဲ့ကြောင်း၊ KNORR အမှတ်တံဆိပ်ကို **သက်သေခံ- ဂ** မှတ်ပုံတင်အမှတ် ၅၄၀၉/၂၀၁၀၊ **သက်သေခံ- ဃ** မှတ်ပုံတင်အမှတ် ၅၄၁၀/၂၀၁၀ တို့တွင် ဖော်ပြထားသည် ပုံစံပါအတိုင်းမှတ်ပုံတင်၍ ယူနီဗား ကုမ္ပဏီက တရားဝင်ဖြန့်ဖြူးရောင်းချကြောင်း၊ KNORR ကြက်သားမှုန့်ထုတ်ကို **သက်သေခံ- ၃** ဖြင့် တင်ပြကြောင်း ပေါ်ပေါက်သည်။

**သက်သေခံ- ဈ** ၉-၁၂-၂၀၁၁ ရက်နေ့စွဲပါ မြန်မာ့အလင်းသတင်းစာ၊ **သက်သေခံ- ၄** ၂၅-၁-၂၀၁၂ ရက်နေ့စွဲပါ WEEKLY ELEVEN NEW ဂျာနယ်တို့တွင် KLWAR ဟူသော ကုန်အမှတ်တံဆိပ်ဖြင့် အသင့်စားသုံးနိုင်သော ဟင်းခတ် အမွှေးအကြိုင် အမျိုးမျိုး၊ ချက်ပြုတ်ကြော်လှော်ရာတွင် အသုံးပြုနိုင်သော ဟင်းခတ်အမွှေးအကြိုင်အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည် ဖြစ်ကြောင်း တရားပြိုင် ဦးကျော်လှိုင်က ကြော်ငြာခဲ့ကြောင်း တွေ့ရှိရသည်။

၁။ ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၃၆။

၂။ ၂၀၁၁ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၁၆။

ဒေါ်ခင်ဆွေဝင်းက အဆိုပါ KNORR နှင့် KLWAR ကုန်အမှတ်တံဆိပ်နှစ်ခုကို အနီရောင်ဖော်ပြထားကြောင်း၊ နှိုင်းယှဉ်ကြည့်ပါက နောက်ခံ အစိမ်းရောင်ပေါ်တွင် အဖြူရောင်ဖြတ်ပိုင်းထားကြောင်း၊ နောက်ခံသုံး အစိမ်းရောင်အနုအရင့်အနည်းငယ်သာကွာဟကြောင်း ထုတ်ပိုးမှုပုံစံလည်းအတူတူဖြစ်ကြောင်း ထွက်ဆိုချက်အပေါ် ဦးကျော်မင်း(လိုပြ-၂)၊ ဦးနေလင်းစိုး (လိုပြ-၃)၊ ဒေါ်အေးအေးသိန်း(လိုပြ-၄) တို့က ထောက်ခံထွက်ဆိုခဲ့သည်။

ဦးကျော်လှိုင်က ၎င်းစက်ရုံတွင် KLWAR အမည်ဖြင့် ယိုးဒယားနိုင်ငံမှတင်သွင်းလာသော ကုန်ကြမ်းများဖြင့် မြန်မာပြည်စက်ရုံတွင် နို့ဆီ၊ နို့ခဲ၊ နို့မှုန့် တို့ကို ထုတ်ပိုးမှုပြု၍ မြန်မာပြည်အနှံ့ဖြန့်ဖြူးရောင်းချနေခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့စာတမ်းစာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၁၀၈၅၅/၂၀၁၁ ၊ **သက်သေခံ- ၂** ဖြင့် ၂၅-၁၀-၂၀၁၁ ရက်နေ့တွင် မှတ်ပုံတင်သွင်းပြီး KLWAR ကြက်သားမှုန့်ကို ၎င်း၏ကိုယ်ပိုင်ထုတ်ပိုးမှု ပုံသဏ္ဌာန်ဖြင့် ကိုယ်တိုင်ထုတ်လုပ်ရောင်းချခြင်းဖြစ်ကြောင်း ထုချေချက်ကို ဦးအင်ကြင်းဖြိုးမြတ်သူ (ပြိုင်ပြ-၁)၊ ဒေါ်ထွာကျော်(ပြိုင်ပြ-၂)၊ ဒေါ်ခင်သီတာလွင်(ပြိုင်ပြ-၃)၊ ဒေါ်ရင်ရင်ထက်(ပြိုင်ပြ-၄)၊ ဒေါ်အေးအေးမြင့်(ပြိုင်ပြ-၅) တို့က ထောက်ခံထွက်ဆိုသည်။

KLWAR ကြက်သားမှုန့် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်စဉ် ကြော်ငြာသည့် ကုန်အမှတ်တံဆိပ်ကို KNORR ကဲ့သို့ အင်္ဂလိပ်စာလုံးကြီးဖြင့် အနီရောင် ရေးသားထားပြီး ဘောင်ကွပ်ရာမှအစ တူညီမှုရှိကြောင်း ထုတ်ပိုးထားသည့် အိတ်တွင် အပြာ၊ အဝါ ၊ အစိမ်း အစရှိသည့် အရောင်များအတိုင်း အသုံးပြုထားကြောင်း၊ အိတ်ခွံပေါ်တွင် ဟင်းအိုးထဲသို့ ဇွန်းဖြင့်ထည့်သည့် ပုံတွင်လည်း ဆင်တူယိုးမှားဖြစ်လောက်အောင် တုပ အသုံးပြုထားကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက ထုတ်ပိုးမှုပုံစံတူဖြင့် တရားပြိုင်က တုပ ပြုလုပ်ဖြန့်ဖြူးရောင်းချမှုပြုခဲ့သည်မှာ မှန်ကြောင်းဖြေဆိုခြင်းကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ဆက်လက်အတည်ပြုခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက တရားလိုတောင်းဆိုသည့် သက်သာခွင့်အနက် တရားလိုတောင်းဆိုသော နစ်နာကြေးပေး၍ ထိထိရောက်ရောက်သက်သာခွင့်ပေးနိုင်သဖြင့် ထာဝရတားဝရမ်းထုတ်ပေးရန် သင့်မည်မဟုတ်ကြောင်း သုံးသပ်၍ ထာဝရတားဝရမ်းထုတ်ပေးရန် မသင့်ကြောင်း သုံးသပ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က မည်သို့မည်ပုံ ဆုံးရှုံးနစ်နာ၍ နစ်နာကြေးငွေရထိုက်ကြောင်းအကျိုး အကြောင်းပြည့်စုံစွာ တောင်းဆိုထားခြင်း မရှိသဖြင့် နစ်နာကြေးငွေ ကျပ်သိန်း ၃၀၀၀ ရထိုက်ခွင့်မရှိကြောင်း၊ တရားပြိုင်မှတ်ပုံတင်ထားသည့် KLWAR ကုန်အမှတ်တံဆိပ်ကိုပယ်ဖျက်ခြင်းဖြင့် ထာဝရတားဝရမ်းထုတ်ပေးရန်သင့်မည် မဟုတ်ဟု သုံးသပ်ခဲ့သည်။

ထိုသို့ တရားပြိုင်က ဆင်တူယိုးမှား ဖြစ်လောက်အောင် တုပပြုလုပ်ထားသည့် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခဲ့ကြောင်း ပြုလုပ်သည်မှာ ထင်ရှားသဖြင့် KLWAR ကုန်အမှတ်တံဆိပ်ကို ဖျက်သိမ်းရမည်ဖြစ်ရာ ထာဝရတားဝရမ်းထုတ်ပေးစေသည့်သက်သာခွင့်ကို ခွင့်မပြု

သည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ဆက်လက် အတည်ပြုခြင်းအပေါ် စွက်ဖက်ရန် အကြောင်းမရှိပေ။

သို့ရာတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက ကုန်အမှတ်တံဆိပ်ဆင်တူယိုးမှား ပြုလုပ်ထုတ်ပိုးရောင်းချသည့်အတွက် တရားလို၏ KNORR ကုန်အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူး ရောင်းချမှုသည် ကုစားမရသည့် နစ်နာမှုရှိကြောင်း တင်ပြချက်အရ နစ်နာကြေးရထိုက်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က မည်သို့မည်ပုံ ဆုံးရှုံးနစ်နာသည်ဆိုသော အကျိုးအကြောင်းဖော်ပြတောင်းဆိုခြင်းမရှိသဖြင့် ခွင့်မပြုခဲ့ကြောင်း တွေ့ရှိရသည်။

တရားပြိုင်က ရောင်းချသည့်ပစ္စည်းအမျိုးအစားတူ ကုန်အမှတ်တံဆိပ်အရောင်အသွေး ဆင်တူယိုးမှားထုတ်ပိုး ရောင်းချသောကြောင့် ၂၀၀၄ ခုနှစ်ကတည်းက စတင်ရောင်းချခဲ့သည့် ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ မှားယွင်းသုံးစွဲမိကြမည်မှာ အငြင်းမပွားထင်ရှားသည်။

သို့သော် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က တရားလိုသည် မိမိနစ်နာမှုရှိ သည်ဟု အထွေထွေလျော်ကြေးတောင်းဆိုမှုအပေါ် တွက်ချက်တင်ပြမှု မပြုသဖြင့် နစ်နာကြေး မပေးထိုက်ကြောင်း သုံးသပ်ခဲ့သည်။ အဆိုပါ ဒီကရီအပေါ် မူလရုံးတရားလိုက အယူခံတင်သွင်း လာခြင်းမရှိသဖြင့် နစ်နာကြေးပေးသင့် မသင့်နှင့် စပ်လျဉ်း၍ စဉ်းစားရန်အကြောင်း မပေါ်ပေါက် သော်လည်း တရားပြိုင် မှတ်ပုံတင်ထားသည့် ထိုအမှတ်တံဆိပ်ပယ်ဖျက်ခြင်းကိုမူ ဆက်လက် အတည်ပြုသင့်ကြောင်း သုံးသပ်တွေ့ရှိရသည်။

ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၁၀၈၅၅/၂၀၁၁ ဖြင့် တရားပြိုင် မှတ်ပုံတင်ထားသည့် KLWAR ကုန်အမှတ်တံဆိပ်ကို ပယ်ဖျက်ခြင်းဖြင့် တားဝရမ်း ထုတ်ရန်မသင့်ဟု ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က သုံးသပ်ခဲ့ခြင်းအပေါ် ဝင်ရောက် စွက်ဖက်ရန် အကြောင်းမရှိပေ။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြု၍ အယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀၀ သတ်မှတ်သည်။

(မျိုးတင့်)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး